# မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့လုပ်ငန်း

## မကြာခဏမေးမြန်းလေ့ရှိသောမေးခွန်းများ

## အကျဉ်း။ ။ လျောင်ဖြစ်ပွားစဉ်/ပြီးနောက် အကူအညီရယူပါ။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (အိုင်စီအာရ်စီ) သည် မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည်မှာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီဖြစ်ပြီး ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ လက်နက်ကိုင်ပဋိပက္ခနှင့် အခြားသောအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံစားရသူများကို အထောက်အပံ့များ ပံ့ပိုးပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် အာရှတွင်း အိုင်စီအာရ်စီ၏ ဒုတိယအကြီးဆုံး လုပ်ငန်းဆောင်ရွက်ရာ နေရာ ဖြစ်ပါသည်။

**မြန်မာနိုင်ငံရှိ ကျွန်ုပ်တို့အားဆက်သွယ်ပါ။**


| Address | Telephone | Follow us at |
|---|---|---|
| No. 2 (C) - 5 Dr. Ba Han Lane<br>Kaba Aye Pagoda Road, 8th Mile<br>Mayangone Township<br>YANGON | +95 1 8662 613, 8664 524, 8663 330<br><br>**Opening Hours:**<br>8:30am–5pm | Facebook |


## အပိုင်း ၁။ ။ အသုံးဝင်သော သတင်းအချက်အလက်များ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အဖွဲ့များသည် လိုအပ်နေသူများထံသို့ ရောက်ရှိရန် အခက်အခဲများ သိသိသာသာ ရင်ဆိုင်နေရပါသည်။ သို့သော်လည်း ကူညီပံ့ပိုးရန်ဟူသည့် ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်မှာ အမြဲ မပြောင်းလဲဘဲ ရှိနေပါသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများက ပံ့ပိုးပေးသည့် ဝန်ဆောင်မှုအားလုံးသည် အခမဲ့ ဖြစ်သည်ကို မမေ့ပါနှင့်။ အိုင်စီအာရ်စီနှင့်အလုပ်လုပ်နေသည်ဟု ပြောကာ တစ်စုံတစ်ယောက်က သင့်အား အကူအညီအတွက် ငွေကြေး သို့မဟုတ် အခြားတစ်စုံတရာကို အလဲအလှယ်ပြုလုပ်ရန် တောင်းဆိုလာခဲ့ပါက ကျေးဇူးပြု၍ ထိုအကြောင်းကို မြေပြင်တွင် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျွန်ုပ်တို့၏ အဖွဲ့ထံသို့ သတင်းပေးပို့ပါ။

**အိုင်စီအာရ်စီက ကျွန်ုပ်အား မည်ကဲ့သို့ ကူညီနိုင်သနည်း။**

ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်း၊ မန္တလေး နှင့် ရန်ကုန်တို့တွင် ကျွန်ုပ်တို့ အဖွဲ့များ ရှိပါသည်။ မတ်လ (၂၈)ရက်နေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူထုအများအပြား ထိခိုက်ခံစားခဲ့ရသည့် မန္တလေးတိုင်းတွင် ကျွန်ုပ်တို့သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အခြားဒေသတွင်းတုံ့ပြန်ကူညီသူများ နှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအား အရေးတကြီးလိုအပ်နေသူများထံသို့ သွားရောက်နိုင်ရန် ၎င်းတို့လိုအပ်နေသည့် အထောက်အပံ့များကို ပေးဝေရန် အဓိကထားဆောင်ရွက်ခဲ့ပါသည်။ (ကျွန်ုပ်တို့၏ ငလျင်တုံ့ပြန်မှု ဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုသိရှိရန်)

လက်နက်ကိုင်ပဋိပက္ခနှင့် အခြားအကြမ်းဖက်မှုအခြေအနေများကြောင့် ထိခိုက်ခံခဲ့ရသည့်နေရာများတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုများအား နေ့စဉ်မရှိမဖြစ်လိုအပ်သည့်အရာများ နှင့် ပေါက်ကွဲမှုဘေးအန္တရာယ်များဆိုင်ရာ အရေးကြီးသည့် သတင်းအချက်အလက်များကို ပံ့ပိုးပေးပါသည်။ ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် ရပ်ရွာလူထုများအား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အစပြုနိုင်ရန် အားပေးတိုက်တွန်းပါသည်။

ထို့ပြင် ကျွန်ုပ်တို့ သည် ဆေးရုံနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အဦများအတွက် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများကို ထောက်ပံ့ပါသည်။ မသန်စွမ်းသူများသည် အထူးပြုလုပ်ထားသောဖိနပ်များနှင့် သွားလာရန်အထောက်အကူပြုပစ္စည်းများကို ရရှိခဲ့ပါသည်။

ကျွန်ုပ်တို့သည် အကျဉ်းထောင်မှ လွတ်မြောက်လာသူများကိုလည်း ၎င်းတို့ နေအိမ်သို့ ဂုဏ်သိက္ခာရှိစွာ ပြန်လည်ရောက်ရှိနိုင်စေရန် ထောက်ပံ့ကူညီပါသည်။ ထို့ပြင် ကျွန်ုပ်တို့သည် လူထုက ပျောက်ဆုံးနေသည့် ၎င်းတို့ချစ်ခင်ရသည့်မိသားစုဆွေမျိုးများ မည်သည့်နေရာတွင်ရောက်ရှိနေကြောင်း သိရှိနိုင်ရန် ထောက်ပံ့ကူညီပြီး ဖြစ်နိုင်သည့်အချိန်တိုင်းတွင် မိသားစုများ ပြန်လည်ပေါင်းစုံနိုင်ရန် ဆောင်ရွက်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများနှင့်အတူ ကျွန်ုပ်တို့သည် အရေးပေါ်အခြေအနေများတွင် လူထုအား အကူအညီပေးလျက်ရှိသည့် သူများအတွက် ရှေးဦးပြုစုခြင်းနှင့် ဆေးရုံမတိုင်ခင် လူနာအား စောင့်ရှောက်မှုပေးခြင်း သင်တန်းများ စီစဉ်ပေးလျက်ရှိပါသည်။

**မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီကို မည်ကဲ့သို့ ဆက်သွယ်နိုင်မည်နည်း။**

+၉၅ ၉ ၇၇ ၆၆၆ ၂ ၅၅၅ သို့ဖုန်းခေါ်ဆို၍ အိုင်စီအာရ်အားဆက်သွယ်နိုင်ပါသည်။
ရုံးဖွင့်ချိန်မှာ တနင်္လာနေ့မှ သောကြာနေ့၊ မနက် ၈နာရီမှ ညနေ ၄နာရီခွဲ ဖြစ်ပါသည်။
ထို့ပြင် အိုင်စီအာရ်စီ မြန်မာ ဖေ့စ်ဘွက်ခ်စာမျက်နှာ သို့ သတင်းစကားပေးပို့နိုင်ပါသည်။

**ကျွန်ုပ်၏မိသားစုဝင်တစ်ဦးနှင့် အဆက်အသွယ်ပြတ်တောက်နေပါသည်။ မည်ကဲ့သို့ ကူညီနိုင်မည်နည်း။**

အကယ်၍သင်က မြန်မာနိုင်ငံတွင်ရှိနေလျှင် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဖုန်းနံပတ် +၉၅ ၉ ၉၅ ၇၅၅ ၇၀၀၀ ကိုဆက်သွယ်ပါ။
အကယ်၍ သင်က မြန်မာနိုင်ငံပြင်ပတွင်ရောက်ရှိနေပါက ကျေးဇူးပြု၍ အနီးဆုံး ကြက်ခြေနီ (သို့မဟုတ်) လခြမ်းနီအသင်း (သို့မဟုတ်) အိုင်စီအာရ်စီ ရုံးသို့ ဆက်သွယ်ပါ။ လမ်းညွှန်ကို ဤနေရာတွင် ရှာဖွေနိုင်ပါသည်။ (Restoring Family Links Directory)

**အစားအစာ၊ ရေနှင့် နေထိုင်ရန်အမိုးအကာများ လိုအပ်နေပါသည်။ မည်ကဲ့သို့ကူညီနိုင်မည်နည်း။**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့်ငလျင်နောက်ပိုင်းတွင် အရေးပေါ်တုံ့ပြန်ကူညီမှုများကို ဦးဆောင် ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဒေသတွင်အကူအညီပေးနေသည့်အဖွဲ့အစည်းများကို ထောက်ပံ့လျက်ရှိပါသည်။

**ငလျင်လှုပ်ခတ်ပြီးနောက် ကျွန်ုပ်နေထိုင်ရာနေရာတွင် ရုပ်အလောင်းများ ရှိနေပါသည်။ မည်သို့ဆောင်ရွက်ရမည်နည်း။**

သေဆုံးသွားသူများ၏ ရုပ်အလောင်းများကို မှန်ကန်စွာနှင့် လူ့ဂုဏ်သိက္ခာနှင့်အညီ ရှာဖွေဖော်ထုတ်ရာတွင် လေ့ကျင့်သင်ကြားထားသူများကသာ ဆောင်ရွက်သင့်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများ (သို့မဟုတ်) ကျွမ်းကျင်သူများ မရောက်မီ ကျေးဇူးပြု၍ ၎င်းတို့အားနေရာရွှေ့ရန် (သို့မဟုတ်) ကိုင်တွယ်ရန် မကြိုးစားပါနှင့်။ ထိုသို့ပြုလုပ်ခြင်းက နောက်နောင်တွင် ရုပ်အလောင်းများကို မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ထုတ်ရာတွင် ဖြစ်နိုင်ခြေများနှင့် မိသားစုများကို ဖြေကြားရာတွင် ထိခိုက်နိုင်ပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် သေဆုံးသွားသူများမှတဆင့် ကူးစက်ရောဂါ ပြန့်ပွားခြင်း မရှိကြောင်းကို သိရှိထားဖို့လိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ထိခိုက်ဒဏ်ရာကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပြီး ကူးစက်ရောက်ဂါကြောင့် သေဆုံးခြင်းမဟုတ်ပါ။

အများပြည်သူကို ကူးစက်နိုင်ခြေမှာ အလွန်နည်းပါးပါသည်။ အချိန်ကြာလာသည်နှင့်အမျှ ရုပ်အလောင်းများမှ အနံ့ပိုမို ထွက်လာသော်လည်း အန္တရာယ်မရှိပါ။

**လူနာတင်ယာဉ်လိုအပ်နေပါသည်။**

နိုင်ငံတွင်းဖြစ်ပွားသည့် ငလျင်နှင့် သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်အကူအညီများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဦးဆောင်လျက်ရှိပါသည်။ ကျေးဇူးပြု၍ ယင်း၏ဒေသတွင်းရှိ အသင်းခွဲများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာ မှတဆင့် ဆက်သွယ်နိုင်ပါသည်။

# အပိုင်း ၂ ။ ။ ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်ရွက်ပုံ

**မြန်မာနိုင်ငံတွင် အိုင်စီအာရ်စီ ဘာတွေဆောင်ရွက်နေသလဲ။**

မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏ တုံ့ပြန်အကူအညီများတွင် အရေးပေါ်အကူအညီနှင့် ကာလကြာရှည်အထောက်အပံ့များ ပါဝင်ပါသည်။ ပြင်းထန်သည့် အကျပ်အတည်းကာလများတွင် ကျွန်ုပ်တို့သည် အဆောတလျင်လိုအပ်ချက်များကို ဖြေရှင်းရန် အစားအစာနှင့် အိမ်သုံးပစ္စည်းများကို ပေးဝေပါသည်။ ကာလရှည်အကျပ်အတည်းကာလများတွင် ကျွန်ုပ်တို့သည် ထိခိုက်ခံစားရသည့် မိသားစုများအား ၎င်းတို့၏ ဝင်ငွေရှာဖွေနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် ထောက်ပံ့ကူညီပါသည်။

ကျွန်ုပ်တို့၏ အထောက်အပံ့များတွင် နေထိုင်မှုအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်နှင့် သန့်ရှင်းသောရေရရှိမှုနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ ရရှိမှု ပိုမိုကောင်းမွန်လာစေရန်တို့ ပါဝင်ပါသည်။ ကျွန်ုပ်တို့အဖွဲ့များသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို လေးစားလိုက်နာမှု ပိုမိုလာစေရန် ဆောင်ရွက်လျက်ရှိသည့်အပြင် စစ်လက်နက်အကြွင်းအကျန်များနှင့်ညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများလည်း ပျံ့နှံ့စေရန် ဆောင်ရွက်ပါသည်။

ကျွန်ုပ်တို့သည် ဖမ်းဆီးထိန်းသိမ်းခံထားရသူများအားလုံး လူသားဆန်စွာဆက်ဆံခံရကြောင်းနှင့် သင့်တော်လုံလောက်သည့် အခြအနေများရှိကြောင်းသေချာစေရန် အကျဉ်းထောင်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး အကျဉ်းသားများနှင့် ၎င်းတို့ချစ်ခင်ရသူများအကြား အဆက်အသွယ်ပြန်လည်ရရှိစေရန် ဆောင်ရွက်ပါသည်။

**၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှစ၍ အိုင်စီအာရ်စီက မည်သည့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုတွေကို ဆောင်ရွက်ပြီးစီးခဲ့ပါသလဲ။**

ရစ်ချတာစကေး ၇.၇ ပြင်းအားရှိသည့် မြေငလျင်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရပ်ရွာအသိုက်အဝိုင်းများကို ကြီးစွာ ပျက်စီးဆုံးရှုံးစေပြီး အစီအရင်ခံစာများအရ လူပေါင်းထောင်ချီကာ ထိခိုက်ဒဏ်ရာရရှိခြင်း၊ နေရပ်စွန့်ခွာနေထိုင်ရခြင်းနှင့် ပျောက်ဆုံးလျက်ရှိသည့်အပြင် အဆောက်အအုံများ၊ လမ်းများနှင့် အခြားသော အခြေခံအဆောက်အအုံများ အကြီးအကျယ်ပျက်စီးခဲ့ပါသည်။ ထိခိုက်သေဆုံးမှုအရေအတွက်မှာလည်း အချိန်နှင့်အမျှ တိုးမြင့်လျက်ရှိပါသည်။ အရာရာဆုံးရှုံးခဲ့ရသည့် မိသားစုများ၊ ချစ်ခင်ရသူများကို ရှာဖွေလျက်ရှိသူများနှင့်အတူ ကျွန်ုပ်တို့ ထပ်တူစိတ်မကောင်းဖြစ်ရပါသည်။ အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အရပ်ဘက်လူမှုအဖွဲ့များနှင့်အတူ ကယ်ဆယ်ရေးအကူအညီများ ပံ့ပိုးပေးနိုင်ရန် လုပ်ငန်းများအတူတကွ ဆောင်ရွက်လျက်ရှိပါသည်။

ဤသဘာဝဘေးက ပဋိပက္ခနှင့်အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ရင်ဆိုင်နေရပြီးဖြစ်သည့် မြန်မာလူထုအပေါ် သက်ရောက်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် မည်သည့်နေရာတွင် လိုအပ်ချက်အကြီးဆုံးရှိနေသည်ကို စိစစ်နိုင်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျွန်ုပ်တို့၏ ကြက်ခြေနီနှင့်လခြမ်းနီမိတ်ဖက်များနှင့်အတူ နေရာအနှံ့တွင်ရှိသည့် ထိခိုက်ခံစားရသူများကို ပံ့ပိုးကူညီနိုင်ရန် မြေပြင်ရှိ အခြေအနေကို အနီးကပ်မလွတ်တမ်းစောင့်ကြည့်လေ့လာနေပါသည်။

ကျွန်ုပ်တို့၏လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းအချက်အလက်များကိုသိရှိနိုင်ရန် ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအတွက် ဝက်ဘ်ဆိုက်စာမျက်နှာ (Myanmar | ICRC) တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွတ်လပ်စွာဆောင်ရွက်လျက်ရှိကြောင်းကို မည်ကဲ့သို့ သေချာစေသနည်း။**

အိုင်စီအာရ်စီသည် ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် အခြေခံမူများအရ လုပ်ငန်းဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းသည် နိုင်ငံရေး သို့မဟုတ် စစ်ရေးအရ လွှမ်းမိုးမှုမရှိဘဲ ဆောင်ရွက်ကြောင်း သေချာစေရန် ကျွန်ုပ်တို့သည် သက်ဆိုင်သူများအားလုံးနှင့် နှစ်ဦးနှစ်ဖက် တိုက်ရိုက်တွေ့ဆုံဆွေးနွေးခြင်း နည်းလမ်းကို ဆုပ်ကိုင်ထားပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်စွာသွားရောက်နိုင်ရန်၊ ရည်မှန်းချက်အတိုင်းသွားရောက်နိုင်ရန်နှင့် ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားခဲ့ရသူများကို အထောက်အပံ့ တိုက်ရိုက် ပေးအပ်နိုင်ရန် ညှိနှိုင်းဆွေးနွေးပါသည်။

**မြန်မာနိုင်ငံမှာ အိုင်စီအာရ်စီ မည်သည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသနည်း။**

ဆက်လက်ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်ပဋိပက္ခများ၊ အုပ်ချုပ်ရေးမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် လမ်းများပိတ်ဆို့နေခြင်းနှင့် အခြေခံအဆောက်အအုံများ ပျက်စီးခြင်းအစရှိသည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းကို ဆောင်ရွက်ရသည်မှာ အလွန်ရှုပ်ထွေးပါသည်။ ထို့ပြင် ထိရှလွယ်သည့် နိုင်ငံရေးအခြေအနေတစ်ခုကို ဖြတ်သန်းနေရသည့်အလျောက် ကြားနေခြင်းဟူသည့်မူကို ထိန်းသိမ်းရာမှာလည်း ဆက်လက်တည်ရှိနေသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။

**လျှောင်ကြောင့်ထိခိုက်ခံစားရသူတွေကို ထောက်ပံ့ရာမှာ ဘာအခက်အခဲတွေရှိပါသလဲ။ မြန်မာနိုင်ငံကို အခြားနိုင်ငံတွေကပေးပို့တဲ့ နိုင်ငံတကာအထောက်အပံ့တွေ နှောင့်နှေးစေသည့် အကြောင်းအရာတွေက ဘာတွေလဲ။**

အခက်အခဲများတွင် အခြေခံအဆောက်အအုံများပျက်စီးခြင်း၊ ဆက်သွယ်ရေးကွန်ရက်များ အလျဉ်ပြတ်ခြင်း နှင့် ကယ်ဆယ်ရေးပစ္စည်းများသွားရောက်ပေးအပ်ရာတွင် ကန့်သတ်ထားခြင်းတို့ ပါဝင်ပါသည်။ ထို့ပြင် နိုင်ငံတကာအကူအညီများနှောင့်နှေးရခြင်းသည် များသောအားဖြင့် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာလိုအပ်ချက်များ နှင့် ထိခိုက်ခံရသည့်ဒေသများသို့သွားရောက်ရာတွင် ထောက်ပံ့ပိုးဆောင်ရေးဆိုင်ရာ အဟန့်အတားများကြောင့် ဖြစ်ပါသည်။

**အိုင်စီအာရ်စီသည် အစိုးရထိန်းချုပ်ထားခြင်းမရှိသည့်နယ်မြေများတွင် လျှောင်ကြောင့် ထိခိုက်ခဲ့သည့် နေရာများအတွက် အထောက်အပံ့တစ်စုံတစ်ရာ ပေးအပ်ရန် အစီအစဉ်ရှိပါသလား။**

အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များကို ပေးအပ်ရာတွင် လိုအပ်ချက်အပေါ်တွင်သာအခြေခံပါသည်၊ နယ်မြေတစ်ခုအား ထိန်းချုပ်ထားသည့် နိုင်ငံရေး သို့မဟုတ် စစ်ရေးတို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ ကျွန်ုပ်တို့သည် သွားရောက်ခွင့် ရရှိရန်နှင့် မည်သည့်နေရာတွင် ရှိသည်ဖြစ်စေ လိုအပ်နေသူများအား အကူအညီများ ပေးအပ်နိုင်ရန်အတွက် သက်ဆိုင်သည့် တာဝန်ရှိသူများ အားလုံးနှင့် တွေ့ဆုံဆွေးနွေးပြောဆိုပါသည်။

**ကျွန်ုပ်အနေဖြင့် လျှောင်တုံ့ပြန်ကူညီမှုအတွက် စေတနာလုပ်အားရှင်အဖြစ် ဆောင်ရွက်နိုင်ပါသလား။**

ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်း လွတ်လပ်စွာဆောင်ရွက်ခြင်း အစရှိသည့် အခြေခံမူများနှင့်အညီ လိုအပ်နေသူများကို ပံ့ပိုးကူညီလိုသည့် သင့်၏ စိတ်ဝင်စားမှုအတွက် ကျေးဇူးတင်ပါသည်။ မည်ကဲ့သို့ ပါဝင်ဆောင်ရွက်နိုင်မည်ဟူသည့် လုပ်ငန်းစဉ်ကို သိရှိနိုင်ဖို့ ကျေးဇူးပြု၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း သို့ ဆက်သွယ်ပါ။ အိုင်စီအာရ်စီတွင် စေတနာလုပ်အားရှင် ခန့်အပ်ခြင်း မရှိပါ။

**မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏လုပ်ငန်းများကို ထောက်ပံ့ကူညီရန် တစ်ဦးချင်းအနေဖြင့် မည်သို့ဆောင်ရွက်နိုင်မည်နည်း။**

တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အိုင်စီအာရ်စီ၏ တရားဝင် လှူဒါန်းရန် နေရာ (platform) မှတဆင့် ပါဝင် ထည့်ဝင်ကူညီခြင်းဖြင့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများကို ထောက်ပံ့ပေးနိုင်ပါသည်။ ထိုအလှူငွေများက ကျွန်ုပ်တို့အား ဆန်၊ ဆေးအထောက်အပံ့ နှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများအပါအဝင် အရေးကြီးသည့် အကူအညီများကို ထိခိုက်ခံစားရသည့် ရပ်ရွာလူထုအား ပေးအပ်နိုင်ရန် ထောက်ကူပါသည်။

**မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏လုပ်ငန်းများကို ထောက်ပံ့ကူညီရန် တစ်ဦးချင်းအနေဖြင့် မည်သို့ဆောင်ရွက်နိုင်မည်နည်း။**

တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် အိုင်စီအာရ်စီ၏ တရားဝင် လှူဒါန်းရန် နေရာ (platform) မှတဆင့် ပါဝင် ထည့်ဝင်ကူညီခြင်းဖြင့် အိုင်စီအာရ်စီ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများကို ထောက်ပံ့ပေးနိုင်ပါသည်။ ထိုအလှူငွေများက ကျွန်ုပ်တို့အား ဆန်၊ ဆေးအထောက်အပံ့ နှင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများအပါအဝင် အရေးကြီးသည့် အကူအညီများကို ထိခိုက်ခံစားရသည့် ရပ်ရွာလူထုအား ပေးအပ်နိုင်ရန် ထောက်ကူပါသည်။

**အိုင်စီအာရ်စီ၏ လျောင်ဆိုင်ရာတုံ့ပြန်မှုများအတွက် ဘယ်နေရာတွင် ပါဝင်လှူဒါန်းနိုင်မည်နည်း။**

လှူဒါန်းမှုများအား အိုင်စီအာရ်စီ၏ တရား ဝင်ဝက်ဘ်ဆိုက်စာမျက်နှာမှတဆင့် တိုက်ရိုက်လှူဒါန်းခြင်းဖြင့် အလှူငွေများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများသို့ တိုက်ရိုက် ရောက်ရှိနိုင်နိုင်ပါသည်။ အိုင်စီအာရ်စီသည် ရန်ပုံငွေရှာဖွေရာတွင် အခြားသော ကြားခံအဖွဲ့များ (third-party) ၏ စုပေါင်းရန်ပုံငွေရှာသည့် နေရာများကို အမှီမပြုခြင်းမရှိပါ။

**အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဖြင့် မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်နေပါသလဲ။**

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား နည်းပညာပိုင်း၊ ငွေကြေးပိုင်း နှင့် ရုပ်ဝတ္ထုပစ္စည်းများ ပံ့ပိုးခြင်းဖြင့် ယင်း၏ အရေးပေါ်တုံ့ပြန်ကူညီနိုင်စွမ်းကို မြှင့်တင်ပေးပါသည်။ ဤတွင် ရောက်ရှိရန် ခက်ခဲသည့် နေရာများတွင် ရှေးဦးပြုစုသင်တန်းပေးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး အကူအညီ နှင့် အကူအညီများ ပေးဝေရာတွင် ပံ့ပိုးကူညီခြင်းတို့ပါဝင်သည်။ ဤပူးပေါင်းဆောင်ရွက်မှုသည် ကြားနေသည့်မူဝါဒကို တိတိကျကျ လိုက်နာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘုံရည်မှန်းချက်များကို အခြေခံပါသည်။

**အိုင်စီအာရ်စီသည် မြန်မာနိုင်ငံတွင် အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါသလား။**

အိုင်စီအာရ်စီသည် လိုအပ်နေသူများထံသို့ အကူအညီများ ထိထိရောက်ရောက် ရောက်ရှိနိုင်စေရန် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်များ နှင့် အပါအဝင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ အပါအဝင် အမျိုးမျိုးသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပတို့၏ လွတ်လပ်စွာသီးခြားဆောင်ရွက်သည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေပြီး မည်သည့် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများနှင့်မဆို ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါ။

**အိုင်စီအာရ်စီသည် အကူအညီများကို ထိခိုက်ခံစားခဲ့ရသည့် ရပ်ရွာလူထုများထံသို့ တိုက်ရိုက်ပေးအပ်ရမည့်အစား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) သို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ရှိပါသလား။**

အိုင်စီအာရ်စီသည် ဖြစ်နိုင်သည့်အချိန်တိုင်းတွင် ထိခိုက်ခံစားခဲ့ရသည့် လူထုထံသို့ အကူအညီများ တိုက်ရိုက် ပေးအပ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းများအတွက် သွားရောက်နိုင်ခွင့် အဆင်ပြေပြေချောမွေ့စေရန် နှင့် တစ်နေရာတည်းအားထပ်၍ထပ်၍ပံ့ပိုးနေခြင်းမှ ရှောင်ကြဉ်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များ နှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သော်လည်း နိုင်ငံရေး သို့မဟုတ် စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများမှတဆင့် လုပ်ငန်းဆောင်ဆောင်ရွက်ခြင်း မရှိပါ။ ကျွန်ုပ်တို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်အကူအညီများကို ကြားနေခြင်း၊ ခွဲခြားမှုမရှိခြင်းနှင့် လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသည့် မူများက တိတိကျကျ လမ်းညွှန်လျက်ရှိပါသည်။

**လျှောင်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ဒေသ ၆ ခုတွင် ရှိသည့် အကျဉ်းထောင်အသီးသီးက နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေမှာ ဘယ်လိုရှိပါသလဲ။**

လျှောင်လှုပ်ခတ်ပြီးနောက် အကျဉ်းထောင်တွင်း အခြေအနေများကို သိရှိနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများအား ဆက်သွယ်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ထုံးစံအတိုင်း ဤဆွေးနွေးပြောဆိုမှုများသည် ကျွန်ုပ်တို့၏ နှစ်ဦးနှစ်ဖက်အတွင်းရေးကိစ္စအဖြစ်ထိန်းသိမ်းထားရှိခြင်း မူဘောင်အားဖြင့်သာ ဆောင်ရွက်သည့်အတွက် ဤကိစ္စရပ်အား အများပြည်သူသိရှိစေရန် သို့မဟုတ် အခြားမသက်ဆိုင်သည့်အဖွဲ့များအား ဖွင့်ဟပြောဆိုနိုင်ခြင်းမရှိပါ။ ဤတွင် အကျဉ်းသားတစ်ဦးတစ်ယောက်ချင်းနှင့်ဆိုင်သည့် ကိစ္စရပ်ကို အများသိရှိစေရန် မှတ်ချက်ပြုခြင်းမျိုး လုပ်ဆောင်ခြင်း မပြုရန်လည်း ပါဝင်ပါသည်။

**ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အကျဉ်းထောင် အသီးသီးတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် အတိုက်အခံအင်အားစု အဖွဲ့ဝင်များ၏ အခြေအနေမှာ မည်သို့ရှိပါသလဲ။ လျှောင်လှုပ်ခတ်ပြီးနောက် အိုင်စီအာရ်စီက ဖမ်းဆီးထိန်းသိမ်းခံထားရသူများအတွက် မည်ကဲ့သို့သော အထောက်အပံ့များ ပေးအပ်ခဲ့ပါသလဲ။**

အိုင်စီအာရ်စီသည် တစ်ဦးတစ်ယောက်ချင်းကိစ္စရပ်များပေါ်တွင် မှတ်ချက်ပေးခြင်းမပြုပါ၊ သို့သော် အကျဉ်းသားအားလုံး မည်သည့် အဖွဲ့ဝင်ဖြစ်ခြင်းမဖြစ်ခြင်းနှင့် မသက်ဆိုင်ဘဲ လူသားဆန်သည့် ဆက်ဆံမှု နှင့် ကောင်းမွန်သည့် နေထိုင်မှုအခြေအနေများ ရရှိကြောင်း သေချာစေရန် လုပ်ငန်းဆောင်ရွက်ပါသည်။ လျှောင်လှုပ်ခတ်ပြီးသည့်နောက်တွင် အကျဉ်းထောင်များ၏ အခြေအနေကိုသိရှိနိုင်ရန် နှင့် မည်သည်တို့ကို ပံ့ပိုးပေးနိုင်ကြောင်း သိရှိနိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား ဆက်သွယ်လျက်ရှိပါသည်။

**လျှောင်ကြောင့်ထိခိုက်ခံစားခဲ့ရသည့် ဒေသတွင် အိုင်စီအာရ်စီ၏ အဖွဲ့ဝင် ဘယ်နှစ်ဦးက တက်ကြွစွာ လုပ်ငန်းဆောင်ရွက်နေပါသလဲ။**

အိုင်စီအာရ်စီသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဒေသတွင်းမိတ်ဖက်များနှင့် ညှိနှိုင်းဆွေးနွေးကာ အဆိုးရွားဆုံးထိခိုက်ခံခဲ့ရသည့် ဒေသများတွင် အရေးပေါ်အကူအညီများ ပေးအပ်လျက်ရှိပါသည်။ အိုင်စီအာရ်စီတွင် မြန်မာနိုင်ငံတွင် ဝန်ထမ်း ၆၀၀ နီးပါးရှိပြီး အလိုအပ်ဆုံးသူများအတွက် အကူအညီများ ပေးအပ်နိုင်ရန် အဖွဲ့အစည်းနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**အိုင်စီအာရ်စီသည် အများဆုံးထိခိုက်ခဲ့သည့် ဒေသများရှိ လူများကို ထောက်ပံ့ကူညီနေပါသလား။**

အိုင်စီအာရ်စီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို အခြေခံ၍ ထောက်ပံ့မှုကို ဦးစားပေးပြီး အများဆုံးထိခိုက်ပြီး ဘေးဖြစ်အလွယ်ဆုံး လူထုကို အဓိကထားပါသည်။ ဖြစ်နိုင်သည့် အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် ဝေးလံပြီး သွားရောက်ရန် ခက်ခဲသည့် ဒေသများသို့ ရောက်နိုင်ရန် လုပ်ငန်းဆောင်ရွက်ပါသည်။

**အိုင်စီအာရ်စီသည် ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးအခက်အခဲများရှိနေသည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ လူများကို ထောက်ပံ့ကူညီပေးမည်လား။**

ကျွန်ုပ်တို့သည် မည်သည့်ဒေသတွင်ရှိနေသည့်သူဖြစ်ပါစေ လိုအပ်နေသူများကို ကူညီရန် သန္နိဋ္ဌာန်ချထားပါသည်။ သို့သော် စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် အချို့သောနေရာများသို့ သွားရောက်နိုင်ခြင်းသည် သွားရောက်နိုင်သည့် အခြေအနေနှင့် သက်ဆိုင်သည့် တာဝန်ရှိသူများနှင့် နှစ်ဦးနှစ်ဖက်အပြန်အလှန် ဆွေးနွေးပြောဆိုခြင်း တို့အပေါ်တွင် မူတည်ပါသည်။ အိုင်စီအာရ်စီသည် အခြေအနေများအား ဆန်းစစ်လေ့လာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ သွားရောက်ခွင့်အတွက် ဆွေးနွေးပြောဆိုခြင်းများကို ဆက်လက်ဆောင်ရွက်နေပါသည်။

**အိုင်စီအာရ်စီက အလှူငွေများကို အကျိုးရှိရှိ အသုံးပြုမည်ဆိုသည်ကို ကျွန်ုပ်တို့ မည်သို့ သိရှိနိုင်မည်နည်း။**

အိုင်စီအာရ်စီသည် ရန်ပုံငွေ အများစုအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများသို့ တိုက်ရိုက်ရောက်ရှိစေခြင်းဖြင့် အလှူငွေများကို အကျိုးရှိရှိအသုံးပြုကြောင်း သေချာစေပါသည်။ လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် အကူအညီပေးဝေခြင်းအတွက် အများဆုံးဖြစ်စေမည့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ယူတာဝန်ခံမှု အစီအမံများကို တင်းတင်းကျပ်ကျပ်ချမှတ်ထားပါသည်။

ကျွန်ုပ်တို့၏ ရန်ပုံငွေနှင့်သုံးစွဲမှု (funding and spending) အကြောင်းပိုမိုဖတ်ရှုရန်

**ဤနေရာတွင်လည်း အချက်အလက်များကို ရှာဖွေနိုင်ပါသည်။**

- အိုင်စီအာရ်စီအကြောင်း မကြာခဏမေးလေ့ရှိသည့် မေးခွန်းများ (The ICRC: Frequently asked questions about our work)
- မြန်မာနိုင်ငံဆိုင်ရာ စာမျက်နှာ (Myanmar: Earthquake response)
- ကျွန်ုပ်တို့၏ နောက်ဆုံးရ အချက်အလက်များ (Myanmar: Operational Facts and Figures – Jan - Dec 2024)
- အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (အိုင်အိတ်ချ်အယ်) အကြောင်း မကြာခဏမေးလေ့ရှိသည့် မေးခွန်းများ (Frequently asked questions on the rules of war)
- ကျွန်ုပ်တို့၏ အရေးပေါ်ရန်ပုံငွေအပါအဝင် ကျွန်ုပ်တို့၏ ရန်ပုံငွေနှင့် သုံးစွဲမှုဆိုင်ရာ မကြာခဏ မေးလေ့ရှိသည့် အထွေထွေ မေးခွန်းများ (About our funding and spending)
- ကျွန်ုပ်တို့၏ အရေးပေါ်အကူအညီများအား ထောက်ပံ့ကူညီရန် -